# “စစ်အာဏာရှင်ကြီးစိုးမှု မှောင်ရိပ်”

စီဒေါစင်ပြိုင်အစီရင်ခံစာမှ မြန်မာနိုင်ငံတွင် ကျား-မ ကွဲပြားမှုပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်းကို အစီအစဉ်တကျ ကျူးလွန်နေကြောင်း ထုတ်ဖော်

အမျိုးသမီးအဖွဲ့အစည်းများမှ စီဒေါစင်ပြိုင်အစီရင်ခံစာတစောင်ကို ထုတ်ပြန်လိုက်ပြီး မြန်မာနိုင်ငံတွင် ကျား-မ ကွဲပြားမှုပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းကို အစီအစဉ်တကျ ကျူးလွန်နေကြောင်း ထုတ်ဖော်လိုက်သည်။ ယင်းအစီရင်ခံစာပါ အချက် အလက်များနှင့်အတူ လာမည့် ၂၀၀၈ခုနှစ် နိုဝင်ဘာလ ၃ရက်နေ့တွင် စီဒေါကော်မတီ (CEDAW, အမျိုးသမီးများအား နည်းမျိုးစုံခြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ်) မှ ဂျနီဗာမြို့၌ ကျင်းပမည့် (၄၂) ကြိမ်မြောက် အစည်း အဝေး တွင် စစ်အစိုးရအား ၎င်းတို့ သဘောတူလက်မှတ်ရေးထိုးထားသော စီဒေါ စာချုပ်ဆိုင်ရာ ဂတိပေးချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင်း အကောင်အထည်ဖော်ခြင်းများကို ပြန်လည်သုံးသပ်မည် ဖြစ်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့်အတူ နယ်စပ်ဒေသအခြေစိုက် အမျိုးသမီးအဖွဲ့များ၊ လူထုအခြေပြု အဖွဲ့အစည်းများ သည် စစ်အစိုးရမှ စီဒေါသဘောတူညီစာချုပ်ပါ မူဝါဒများကိုအကောင်အထည်ဖော်မှု ပျက်ကွက်သည့်အတွက် အမျိုးသမီး များနှင့် မိန်းကလေးငယ်များအပေါ် သက်ရောက်သည့် ထိခိုက်နစ်နာမှုများကို ကျယ်ပြန့်စွာ အချက်အလက်ကောက်ယူ စုဆောင်း၍ ယင်းအစီရင်ခံစာတွင် ဖော်ထုတ်ထားသည်။ ထိုသတင်းအချက်အလက်များတွင် အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ၎င်းတို့အပေါ် အကြမ်းဖက်ခံရမှု အခြေ အနေများ ပါဝင်သည်။ ကောက်ယူရရှိသော သတင်းအချက်အလက်များတွင် စစ်အစိုးရတင်ပြထားသည့် “မြန်မာအမျိုးသမီး များသည် မမွေးဖွားမီကပင် အမျိုးသမီးအခွင့်အရေးများ ရရှိခံစားနေရသည်” ဆိုသည့်အချက်သည် လုံးဝ မဟုတ်မမှန်ကြောင်း အတိအလင်း ဖော်ပြနေသည်။

ထိုစင်ပြိုင် အစီရင်ခံစာတွင် စစ်အစိုးရသည် တိုင်းပြည်၏ သဘာဝ သယံဇာတများကို ရောင်းချခြင်းဖြင့် အမြတ်များစွာ ရရှိနေပြီး ယင်းအမြတ်ငွေများကို စစ်တပ်တိုးချဲ့ရန်၊ စစ်အာဏာရှင်စနစ်ကို စနစ်တကျပုံသွင်းရန်နှင့် စစ်တပ်အသုံးစရိတ်များ ကိုသာ ဦးစားပေးပြီး လက်ရှိကျင့်သုံးနေသော ဖိုဝါဒကြီးစိုးရေးစနစ်ကို ပိုမိုအားဖြည့်ပေးနေကြောင်း ထုတ်ဖော်ထားသည်။ ထို့ပြင် ယင်းအစီရင်ခံစာတွင် စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်သည် ကျားမတန်းတူရေးကို အလေးပေးဖော်ဆောင်ရန် ပျက်ကွက်သည်သာမက အမျိုးသားများလွှမ်းမိုးသည့် လက်နက်ကိုင်တပ်ဖွဲ့များကို အစိုးရအဖွဲ့တွင် ၂၅ ရာခိုင်နှုန်းပါဝင်ရန် အတွက် တရားဝင် သတ်မှတ်ထားသည်ကိုပါ ဝေဖန်ဆန်းစစ်ထားသည်။

၎င်းအစီရင်ခံစာတွင် ‌ဝလက်ရှိမြန်မာနိုင်ငံသည် စစ်အာဏာရှင်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနေမှုကြောင့် မြန်မာနိုင်ငံ၏ လူမှုအသိုင်းအဝိုင်းသည် အမျိုးသားများလွှမ်းမိုးနေသည်။ စစ်တပ်ဖွဲ့ဝင်များသည် မြို့တိုင်းရွာတိုင်းတွင် ပျံ့နှံ့နေသည်သာမက အုပ်ချုပ်ရေး အဆင့်တိုင်းနှင့် အသင်းအဖွဲ့တိုင်းကိုပါ ထိန်းချုပ်ထားကြောင်းဝဖော်ပြထားသည်။

ထို့အပြင် မြန်မာပြည်တွင်းရှိ အမျိုးသမီးအဖွဲ့အစည်းများသည် ရုပ်ပြသက်သက်သာ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း အစီရင်ခံစာက ထောက်ပြထားသည်။ ယင်းအမျိုးသမီးအဖွဲ့များကို စစ်တပ်အရာရှိကြီးများ၏ ဇနီးများက ဦးဆောင်နေကာ ၎င်းတို့သည် စစ်အစိုးရ၏ မူဝါဒများကို လိုက်နာဖော်ဆောင်နေပြီး အဆင့်တိုင်းတွင် အာဏာ အလွဲသုံးစားလုပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေသည်။

အစီရင်ခံစာက စစ်တပ်နှင့် ၎င်း၏ လက်ဝေခံအဖွဲ့အစည်းများ အာဏာရှိနေချိန်တွင် အမျိုးသမီး အခွင့်အရေး ကာကွယ်မြှင့်တင်မှုများ ကင်းမဲ့နေကာ မြန်မာပြည်မှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝတိုးတက်ရန် လမ်းမရှိနိုင်ကြောင်းကို ထပ်လောင်းတင်ပြထားသည်။

"စစ်အစိုးရရဲ့ “စည်းကမ်းရှိရှိ ဒီမိုကရေစီစနစ်”ကို ဖော်ဆောင်မယ်ဆိုတဲ့ နိုင်ငံရေးလမ်းညွှန်ချက်တွေဟာ နောက်ထပ်ဖြစ်ပေါ်လာမယ့် အမျိုးသားများလွှမ်းမိုးရေးစနစ်သစ်ဆီကို ဦးတည်နေပါတယ်။ "ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူး နန်းယဉ်က ပြောသည်။ "ဒါကြောင့် မြန်မာနိုင်ငံမှာ ကျားမတန်းတူညီမျှရေးကို ဖော်ဆောင်ဖို့အတွက် စစ်မှန်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲဖို့လိုအပ်ပါတယ်။ "

ဆက်သွယ်ရန်– မိဆူးပွင့် ၆၆ ၈၁ ၈၈၄ ၅၅၆၂
ဒွဲလိန် ၆၆ ၈၉ ၄၃၄ ၈၉၇၆
ချယ်ရီဇာဟောင် ၄၁ ၇၆၇၁၆ ၆၁၃၈